**Recent Myanmarese Books – Oct 2023**

**Mary Martin Booksellers Pte Ltd**
**Blk 231, Bain Street**
**#03-05, Bras Basah Complex**
**Singapore 180231**
**Tel : +65-6883-2284/6883-2204**
info@marymartin.com
www.marymartin.com

မြန်မာစာမိတ်ဖွဲ့/မင်းယုဝေ , တိုက်စိုး
Myanmar : ဦးစန်းဦး 2023

365p.
9789997132390
USD : 10.80 / PB
345 gm.

https://www.marymartin.com/web?pid=857553

---

မောင့်ဘဝ ညအလားကွယ်/တက္ကသိုလ်ဘုန်းနိုင်
Myanmar : ဦးကျော်ဇင် 2023

164p.
9789998652040
USD : 7.50 / PB
170 gm.

https://www.marymartin.com/web?pid=857554

' မေလလို လှပ၍ မေမေ့လို ကြင်နာသော မမမေ ' ဒီစာကြောင်းကို ဖတ်မိတာနဲ့ ဘာစာအုပ်ဆိုတာ တက္ကသိုလ်ဘုန်းနိုင် ပရိသတ်တွေသိကြပါတယ်။ "အားကျတယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခုနင်က မမမေ ပြောသလို နတ်သျှင်နောင်ရဲ့ ဘဝဟာ ညအလားလို့ပဲ ထားပါစို့။ အဲ့ဒီညဟာ အင်မတန် ချစ်မက်ဖွယ်ကောင်းတဲ့ ညဖြစ်မှာပဲ" – ကိုလွမ်းနောင် "မောင် ပြောခဲ့ဖူးတဲ့ စကားကို မမမေ ပြန်သတိရမိတယ်။ သံယောဇဉ်ကြိုး မရှည်ချင်ဘူးဆိုတာလေ။ မမမေ ထင်တာကတော့ မရှည်အပ်တဲ့ သံယောဇဉ်နဲ့ ရှည်အပ်တဲ့ သံယောဇဉ် နှစ်မျိုး ရှိတယ်ကွယ်။ မောင့်အတွက် မမမေ ထားတဲ့ သံယောဇဉ်ကတော့ ရှည်အပ်တဲ့ သံယောဇဉ်ပဲကွယ့်" – မသက်မေ "ကဗျာဆရာကြီးဆီ စာရေးရလို့ ကဗျာဆန်ဆန်ပဲ ရေးချင်မိတယ်။ ဒါပေမဲ့ ကဗျာမစပ်တတ်လို့ ရဝေရှင်ထွေးရဲ့ ကဗျာလေးကိုပဲ ကူးယူပြီး ထည့်လိုက်မိတယ်။ ဒီကဗျာကို ဖတ်ပြီး ကိုလွမ်းနောင် အပျင်းပြေရင် တင်တင်ဦး ကျေနပ်ပါပြီ" – တင်တင်ဦး ဂျပန်ခေတ် ကာလဆိုးနဲ့ ရောင်စုံသူပုန်တို့ ကြီးစိုးချိန် ကာလနောက်ခံ။ ကံကြမ္မာဆိုတဲ့ အယ်ဒီတာကြီးက အထက်ပါ ဇာတ်ကောင် ၃ ဦးကို ဘယ်လိုတွေ အကွက်ချ စီစဉ်ပြီး ပုံဖော်ခဲ့လဲ။ နတ်ရှင်နောင်၊ ဓာတုကလျာနဲ့ ရဝေရှင်ထွေးတို့ရဲ့ သမိုင်းနောက်ခံနဲ့ ကိုလွမ်းနောင်တို့ ၃ ဦးရဲ့ ဇာတ်လမ်းတွေက ဘာကြောင့် သတိရစရာတွေ ဖြစ်သလဲ။ ခေတ် စနစ် ကာလတွေ ဘယ်လိုပြောင်းပြောင်း စာချစ်သူတို့ ရင်ထဲမှာ အမြဲတမ်း ရှင်သန် သဘောကျကြတဲ့ ဝတ္ထုကောင်းတစ်ပုဒ်။

---

ပဆစ်အိမ်/မောင်သိန်းဆိုင်

Myanmar : ဦးစန်းဦး 2023

257p.
9789997119254
USD : 9.00 / PB
270 gm.

https://www.marymartin.com/web?pid=857555

၁၉၇၀ ခုနှစ်တစ်ဝိုက်က ရေးသားခဲ့သော စာရေးဆရာမောင်သိန်းဆိုင်၏ ငယ်လက်ရာတစ်ပုဒ် ဖြစ်သည်။ အိမ်ထောင်မှုတာဝန်၊ ယောကျာ်းနှင့် သားသမီးကိစ္စများနှင့်သာ အချိန်ကုန်ခဲ့ပြီး လင်သားအပေါ် ယုံကြည်မှု လွန်ကဲခဲ့သည့် အိမ်ထောင်ရှင်မတစ်ဦးကို အခြေတည်၍ ရေးဖွဲ့ထားသည်။ "ဘဝဟာ ပဆစ်ကစားဝိုင်းတစ်ဝိုင်းဆိုလျှင် အိမ်ထောင်ရေး ကစားပွဲမှာ ဘယ်သူနိုင်လို့ ဘယ်သူရှုံးခဲ့ပါသလဲ" "ပဆစ်ဝိုင်းတစ်ဝိုင်းမှာ ကြွေပစ်သမားကောင်းတိုင်းလည်း အနိုင်ရဖို့ဆိုတာ သေချာပါရဲ့လား" ဝတ္ထုရေးသားသည့် ၁၉၇၀ တစ်ဝိုက် လူမှုဝန်းကျင်၏ ဖြစ်ရပ်များကို အခြေခံလျက် အိမ်ထောင်သည် အမျိုးသမီးတို့၏ ဘဝကို ခံစားမှုရသပါအောင် စာနာရေးဖွဲ့ထားသည့် စာရေးသူ၏ လက်ရာကောင်းတစ်ပုဒ် ဖြစ်ပါသည်။

---

ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ် (ပုဂ္ဂိုလ် (၂၈၀) အတ္ထုပ္ပတ္တိနှင့် ကျမ်းစာရင်းများ ပါရှိသည်။)/လှသမိန်
Myanmar : ဦးစန်းဦး 2023

368p.
9789997131744
USD : 12.00 / PB
390 gm.

https://www.marymartin.com/web?pid=857556

---

လူငယ်တွေပဲဖတ်ဖတ် ... လူကြီးတွေပဲဖတ်ဖတ် ... နည်းနည်းဖတ်ပြီး များများတွေးဖို့ ... တွင်း (လူငယ်အတွေးရသ စာစုများ)/ဦးဘုန်း (ဓာတု - မန္တလေး)
Myanmar : ဦးသိန်းလွင် 2023

156p. ; 14x21cm.
9720171894338
USD : 7.21 / PB
148 gm.

https://www.marymartin.com/web?pid=857557

ရွှေမန္တလေး သတင်းဂျာနယ်တွင် ကလောင်သွေးခဲ့ရာမှ နာမည်ရခဲ့သော မန္တလေးမှ ကျောင်းဆရာ ဦးဘုန်း(ဓာတု)၏ ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ တွင်း၊ ရက်လည်ဆွမ်း၊ မန်ကျည်းစေ့ကလေးများ၊ ဦးဘုန်း(ဓာတု)မှ မိန်းမ ၃ ယောက်ရှိပါသည်၊ ဝမ်းတေဘ ၊ ရေမွှေး၊ တိုက်တန်းနစ်၊ လောဘသေတ္တာ၊ ဒူးရင်းသီးပုံပြင်၊ ရှားပါးဓာတ်ပုံ၊ ပန်းသီး၊ ယ်လ်၊ အာဖ တာ-ယူ၊ ပရယ်ဇင့်၊ လိပ်စာကတ်၊ အမှိုက်ပုံ၊ သားသမီး ပခုံးထက်က၊ အတ္တဥခွံ၊ မုန်လာဥနှင့် ကြက်ဥ၊ ဂွတ် .. မောနင်း၊ ပန်းကန်ပြားတီးတဲ့ အရူး အစရှိသည့် အတွေးဆောင်းပါးများပါရှိသည်။ "ဆရာက

စာအသင်အပြကောင်းလွန်းသူမို့ ထင်ပါရဲ့ ဆရာ့စာတွေက ဖတ်လိုက်ရင် ရှင်းရှင်းလင်းလင်းနဲ့ သိမြင်သွားပြီး ကိုယ်ကို ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သလိုပါပဲ။"ဟု ထုတ်ဝေသူက ဆိုထားသည်။

---

အုတ်ကြားမြက် = The Adventurers/အထောက်တော်လှအောင် = Harold Robbins

Myanmar : ဦးစန်းဦး 2023

798p. ; 15x22cm.
9789997116154
USD : 24.00 / PB
698 gm.

https://www.marymartin.com/web?pid=857558

Harold Robbinsရေးသားသည့် သည်းထိတ်ရင်ဖို ဇာတ်လမ်းတစ်ပုဒ်ဖြစ်သော The Adventuresကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ မိခင်နှင့် အစ်မဖြစ်သူတို့အား အဓမ္မကျင့် သတ်ဖြတ်ခဲ့သူများကို အသက် ၉ နှစ်အရွယ်၌ ကိုယ်တိုင်သေနတ်ဖြင့် အဆုံးစီရင်ခဲ့သူ၊ အသက် ၁၁ နှစ်အရွယ်တွင် ရက်သတ္တပတ် ၅ ပတ် ကြာတောတွင်းခရီးကိုလူကြီးမပါဘဲ ဖြတ်သန်းခရီးနှင်ခဲ့သူ၊ ဖခင်ဖြစ်သူ သံတမန်ဖြစ်လာချိန်တွင်မှ အနောက်တိုင်းတွင် ပညာကောင်းကောင်းသင်ခွင့်ရခဲ့သူ၊ နိုင်ငံခေါင်းဆောင်ကြီး၏ စောင့်ရှောက်မှုအောက်တွင် ကြီးပြင်းလာခဲ့ရသူ၊ ဖခင်ဖြစ်သူကွယ်လွန်ချိန် တွင် သံကြီးတမန်ကြီး ဖြစ်လာခဲ့သူ၊ တစ်နိုင်ငံလုံးကို သူပုန်ကသိမ်းတော့မည့်အချိန်တွင် မွေးရပ်မြေ ကို ပြန်လာခဲ့ပြီး နိုင်ငံ၏ ဒုတိယခေါင်းဆောင်အဖြစ်မှ နိုင်ငံအကြီးအကဲအဖြစ် တာဝန်ယူခဲ့သူ၊ ဒိုင်အို ဂျနက်စ်အလီဂျန်ဒရိုဇနော့ခ်၏ ဇာတ်လမ်းဖြစ်သည်။ ၂၀ ရာစုအလယ်ကာလဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သော အာဏာရှင်အစိုးရများအကြောင်းကို ပုံရိပ်ပြု ရေးဖွဲ့ထားသည်။

---

ဝိညာဉ်လောက ဝတ္ထုတိုများ/ဒဂုန်ရွှေမျှား

Myanmar : ဦးမြင့်ထွန်း 2023

289p.
9789998650503
USD : 10.80 / PB
290 gm.

https://www.marymartin.com/web?pid=857559

---

ခေါင်းလောင်းသံ = For Whom The Bell Tolls/ကိုကို = Ernest Hemingway

Myanmar : ဦးစန်းဦး 2023

324p. ; 14x21cm.
9789997132338
USD : 10.80 / PB
338 gm.

https://www.marymartin.com/web?pid=857560

ကမ္ဘာကျော်စာရေးဆရာကြီး Ernest Hemingway ရေးသားသည့် For Whom The Bell Tolls စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ မူရင်းဝတ္ထုသည် ရုရှားစာပေဝေဖန်ရေး လောကတွင် အရေးတယူ ဝေဖန်ရေးသားရသည့် ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ ထို့ပြင် နယူးယော့ ပြည်သူ့စာကြည့်တိုက်ကြီး၏ "ရာစုနှစ်များ"စာအုပ်တွင် အကောင်းဆုံး စစ်နောက်ခံဝတ္ထုကြီးအဖြစ် ထည့်သွင်းဖော်ပြခြင်း ခံခဲ့ရသည်။ စပိန်ပြည်တွင်းစစ် နောက်ခံပြု၍ ချစ်သူနှစ်ဦး၏ ကြေကွဲဖွယ် ဖြစ်ရပ်နှင့်အတူ ဆီဂိုးဗီးယားမြို့သိမ်းတိုက်ပွဲအတွက် တံတားကိုဖောက်ခွဲရန် ဒိုင်းနမိုက်ကျွမ်းကျင် သူအဖြစ်တာဝန်ပေးခံရသော အမေရိကန်သား ရောဘတ်ဂျော်ဒန်၏ စွန့်စားခန်းများကို စိတ်လှုပ်ရှား ဖွယ် ဖတ်ရှုရမည် ဖြစ်သည်။ ဟဲမင်းဝေး၏ အကောင်းဆုံး ဒဿနလက်ရာတစ်ပုဒ်လည်း ဖြစ်သည်။

---

မြန်မာပြည်ဓာတ်ပုံခရီး (၁၈၅၅ ခုနှစ်မှ ၁၉၂၅ ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ ထူးခြားလှပသော ရှေးဟောင်းဓာတ်ပုံများ)=Burmah : A Photographic Journey 1855-1925/စိန်ဝင်းစိန် = Noel F. Singer
Myanmar : ဦးသန်းဆွေ 2023
148p. ; 30x23cm.
9789998653528
USD : 36.00 / PB
482 gm.

https://www.marymartin.com/web?pid=857561

Noel F.Singer ရေးသားသည့် Burmah (A Photographic Journey 1855 – 1925) စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ ၁၈၅၅ ခုနှစ်အလွန်က ရန်ကုန်မြို့ ရွှေတိဂုံဘုရား၊ မန္တလေးရွှေမြို့တော်နှင့် ရတနာပုံနေပြည်တော်၊ မှန်စီရွှေချ ဘုန်းတော်ကြီးကျောင်းများ, စေတီပုထိုး များ၏ ဗိသုကာလက်ရာများ၊ မြန်မာမိန်းကလေး အချောအလှများ၊ ပွဲလမ်းသဘင်များ၊ မြန်မာရှုခင်း များ၊ တိုင်းရင်းသားလူမျိုးများ၏ ရှားပါး၍ ရင်သပ်ရှုမောဖွယ်ကောင်းလှသည့် မှတ်တမ်းတင်ဓာတ်ပုံ များကို အကြောင်းအရာအလိုက် လေ့လာစုဆောင်းဖော်ပြပေးထားသည့်အတွက် မြန်မာ့သမိုင်းကို စိတ်ပါဝင်စားသူတိုင်း လက်မလွတ်တမ်း ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်သည်။

---

ငှက်ကလေးရဲ့သက်တော်စောင့်/မင်းခိုက်စိုးစံ
Myanmar : ဦးစန်းဦး 2023
262p. ; 14x221cm.
9789997132253
USD : 8.40 / PB
258 gm.

https://www.marymartin.com/web?pid=857562

စာရေးသူ၏ လုံးချင်းဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

ဝတ္ထုတိုပေါင်းချုပ် (အတွဲ ၁) (၁၉၄၉ - ၁၉၆၁)/မြသန်းတင့်
Myanmar : ဒေါ်သိမ့်သူစိုး 2023
240p. ; 14x21cm.
5201530092021
USD : 7.21 / PB
232 gm.

https://www.marymartin.com/web?pid=857563

စာရေးသူ၏ ဝတ္ထုတိုလက်ရာ (၉) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။ စာရေးဆရာ မြ သန်းတင့်၏ လွမ်းတတ်သော၊ မှုန်ရီသော၊ ဖွဲ့နွဲ့ဟန်ပါသော ခေတ်ကြေးမုံထင်ဟပ်တတ်သော သရုပ်ဖော်စာပေရုပ်ပုံလွှာများကို ဝတ္ထုတိုများမှတဆင့် မြင်တွေ့ခံစားရသည်ဟု ဆရာဒဂုန်တာရာက ဆိုထားသည်။

---

ကဗျာပေါင်းချုပ် (စကားပြေလက်ရာများနှင့် အင်တာဗျူးများ ပါဝင်သည်။)/မောင်ချောနွယ်
Myanmar : ဦးစန်းဦး 2023
748p.
9789997116574
USD : 30.00 / PB
840 gm.

https://www.marymartin.com/web?pid=857564

---

လွမ်းလို့ ကျန်ရစ်ခဲ့မှာကို အားနာပါတယ်လေ .../ငြိမ်းကျော်
Myanmar : ဦးစန်းဦး 2019
248p. ; 14x21cm.
9789997118516
USD : 4.20 / PB
250 gm.

https://www.marymartin.com/web?pid=857565

စာရေးသူ ရေးသားသည့် လုံးချင်းအချစ်ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

ကိုယ့်ကိုယ်ကိုယ် ချစ်တတ်လာတဲ့အခါ (စိတ်ခွန်အားဖြည့်စာစုများ)/အရှင်ဇဝန (ရွှေကုန်းမြေ)
Myanmar : ဦးအောင်စိုး 2023
216p.
979913501907
USD : 4.81 / PB
200 gm.

https://www.marymartin.com/web?pid=857566

အခက်အခဲဆိုတာ လူတိုင်းမကြာခဏဆိုသလို မတွေ့ချင်လဲကြုံတွေ့နေရမှာပဲ အခက်အခဲတွေတိုင်း ရပ်တန့်နေလိုက်မယ်ဆိုရင် သင့်ရဲ့မျှော်လင့်ချက်တွေ ရည်မှန်းချက်တွေလည်း ရပ်တန့်သွားပါလိမ့်မယ်...။ လူတွေကိုအကြင်နာတရား ထားတက်ဖို့ ကိုယ်ချင်းစာစိတ် စာရိတ္တကောင်းမွန်စေဖို့ စတာတွေကို ဦးတည်ပြီးရေးသားထားခြင်းဖြစ်ပါတယ်။ကိုယ့်ကိုယ်ကိုယ် ချစ်တက်လာတဲ့အခါ စာအုပ်လေးကို ဖတ်ရှုပြီးရင် ဘဝကို ဘယ်လိုနေထိုင်ရမယ်။လူတွေကို ဘယ်လိုဆက်ဆံရမယ် ဘယ်လိုအရာတွေကို တန်ဖိုးထားရမယ် စတဲ့ အသိတရားတွေ စိတ်ဓာတ်ခွန်အားတွေ ရရှိပြီးတော့ မိမိရည်မှန်းချက်တွေကို လွယ်လွယ်ကူကူ ရရှိကြပါစေ။

---

ငါ့ဘဝအတွက် ငါလုပ်နိုင်တယ် (စိတ်ခွန်အားနှင့် တန်ဖိုး၊ စိတ်၏ ယုံကြည်မှု တည်ဆောက်ခြင်းဆိုင်ရာ လေ့ကျင့်ခန်းများ)/နေထွန်းလင်း

Myanmar : ဦးပြည့်အာကာ 2023

128p.
9782022000138
USD : 6.00 / PB
145 gm.

https://www.marymartin.com/web?pid=857567

" တက်ကျမ်းလို့ပဲခေါ်ခေါ် ခွန်အားပေးစာစုတွေလို့ပဲခေါ်ခေါ် စိတ်ခွန်အားပေးနိုင်တဲ့ စာအုပ်တွေက ကျွန်တော်တို့ လူသားမျိုးနွယ်အတွက်တကယ်ပဲ အထူးလိုအပ်ပါတယ် .. ဘာကြောင့်လဲဆိုတော့ လူသားတွေဟာကိုယ့်ဖြစ်တည်မှုနဲ့ ခံစားမှုအပေါ်မှာတိတ်တိတ်လေး ဘယ်သူမှ မသိအောင်ကျိတ်ပြီး ကြေကွဲခံစားစိတ်ဓာတ်ကျနေတတ်သူတွေဖြစ်နေတတ်လို့ပါပဲ .. "ဒါကြောင့် သင့်အနေနဲ့ ဘဝမှာ လဲပြိုကြတယ် .. မတ်တပ်ပြန်ရပ်ဖို့ အင်အားတွေ လိုနေတယ်ဆိုရင် အခုစာအုပ်နဲ့အတူ ဘဝကို အကောင်းဆုံး ပြန်လည်တည်ဆောက်နိုင်မယ်ဆိုတာကတော့ အာမခံပါတယ် .. ဒီစာအုပ်ထဲမှာ စိတ်ခွန်အားနှင့် တန်ဖိုး ၊ စိတ်၏ယုံကြည်မှု တည်ဆောက်ခြင်းဆိုင်ရာ လေ့ကျင့်ခန်းများကို ပုံလေးများနှင့်တကွ ရိုးရှင်းစွာ ဖော်ပြထားလို့ ဖတ်ရတာ နားလည်လွယ်ကူပြီး အကျိုး တစ်စုံတစ်ရာ ရရှိစေပါလိမ့်မယ်။

---

အချစ်လက်ဖက်ရည် (ရသ ညနေခင်းစာစုများ)/ပန်းချီမြတ်နိုး

Myanmar : ဦးသက်နိုင်စိုး 2023

190p.
null
USD : 3.00 / PB
145 gm.

https://www.marymartin.com/web?pid=857568

---

မောင့်တီရှပ်လေး မိုးမမိစေချင်/မြလွှမ်းမိုးဆွေ

Myanmar : အိပ်မက်အသစ် 2023

92p. 14x21cm.
4210257383801

USD : 4.81 / PB
86 gm.

https://www.marymartin.com/web?pid=857569

လူမှုဆက်ဆံရေးအပေါ် လက်ခံယုံကြည်ကြမှု စံနှုန်းတွေကွာခြားကြသော မျက်မှောက်ခေတ်မိန်းကလေးများ၏ အတွေးအမြင်နှင့် ခံစားချက်များကို ဖော်ကျူးရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

---

ဘရူးတပ်(စ်)သည် သစ္စာဖောက်လော (သို့မဟုတ်)/တင်တင်ဦး

Myanmar : ဦးဥက္ကာဦး 2023

192p.
null
USD : 6.00 / PB
175 gm.

https://www.marymartin.com/web?pid=857570

---

ဒဏ်သီးကလေး/စိုးဘားဒိုင်

Myanmar : ဦးအာကာကျော် 2023

118p.
null
USD : 5.40 / PB
115 gm.

https://www.marymartin.com/web?pid=857571

---

ရာဇသတ်ကြီး စီရင်ထုံးများ အနှစ်ချုပ် (၁၉၇၄ - ၂၀၂၁)/ဇော်ဌေး

Myanmar : ဒေါ်သင်းသင်းမွန် 2023

77p.
null
USD : 5.40 / PB
115 gm.

https://www.marymartin.com/web?pid=857572

---

သတင်းစာများက ပုံဖော်ခဲ့သော မဟာမုနိ (ဖဆပလခေတ်)/မဟာမုနိဘုရားကြီးဂေါပကအဖွဲ့

Myanmar : မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ 2023

416p.; 19x25cm.
null
USD : 16.80 / HB
872 gm.

https://www.marymartin.com/web?pid=857573

မဟာမုနိ ရုပ်ပွားဆင်းတုတော်ကြီးသည် မြန်မာပြည်၌ ရှေးအလွန်ကျသော နိမ္မိတရုပ်ပွားတော်ဖြစ်သည်။ ဟာမုနိရုပ်ပွားတော်၏ ဂုဏ်သတင်းကြောင့် ခေတ်ကာလများစွာက ပင် ပင့်ဆောင် ကိုးကွယ်လိုသော ဆန္ဒဖြင့် သီရိခေတ္တရာ၊ ပုဂံ၊ ဟံသာဝတီ၊ ပဲခူးမင်းများသည် ကြိုးစားအားထုတ်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့ချေ။ ဗဒုံမင်းလက်ထက်မှသာ ရခိုင်ပြည်မှ အမရပူ ရသို့ ရေလမ်း ကုန်းလမ်းဖြင့် ၄ လတိုင်ကြာ ပင့်ဆောင်နိုင်ခဲ့ပြီး နန်းတော်ရာ၏ အရှေ့မြောက်ဘက် သီရိဂုတ္တတောင်ကုန်းပေါ်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ မဟာမုနိရုပ်ရှင်တော်မြတ်သည် မန္တလေးသို့ ရောက်သူတိုင်း ဝင်ရောက်ဖူးမြော်ရာ ဘုရားစေတီတစ်ဆူ ဖြစ်သည်။ ယခုစာအုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့အထိ သတင်းစာများတွင် ဖော်ပြခဲ့သည့် မဟာမုနိစေတီတော်ကြီးနှင့် ပတ်သက်သည့် သတင်း များကို စုစည်းပေးထားခြင်း ဖြစ်သည်။ မဟာမုနိရုပ်ရှင်တော်နှင့် တိုက်ရိုက်ပတ်သက်သော သတင်း များအပြင် ဘုရားပရိဝုဏ်အတွင်း ဆောင်ရွက်ခဲ့သော သမိုင်းဝင် အခမ်းအနားများ၊ ဂေါပကအဖွဲ့ အပါအဝင် ဘုရားနှင့် ပတ်သက်သည့် အဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုချက်များကို ထိုခေတ်ထိုအခါ အရေးအသားဖော်ပြချက်အတိုင်း မှတ်တမ်းတင် ထားသည်။

---

ဝတ္ထုတိုပေါင်းချုပ် (ပ)/မောင်သာရ

Myanmar : ဦးသိန်းလွင် 2023

606p. ; 13x19cm.
9720171893935
USD : 30.00 / PB
654 gm.

https://www.marymartin.com/web?pid=857574

ဆရာကြီး မောင်သာရ၏ ဝတ္ထုတို (၅၀) ပုဒ်ကို တစ်စုတစ်စည်းတည်း ဖတ်ရှုကြရမည့် စာအုပ်ဖြစ်သည်။

---

အဆိပ်သင့်နှလုံးသား/စုမြတ်ချစ်

Myanmar : ဦးပြည့်အာကာ 2023

264p.
9782023000489
USD : 9.61 / PB
265 gm.

https://www.marymartin.com/web?pid=857575

ဒီဝတ္ထုဟာ မိခင်ဘဝ၊ ဆုံးရှုံးနစ်နာမှု၊ ကလေးဘဝရဲ့ အပြစ်ကင်းစင်မှုတွေကို ပြင်းပြင်းပြပြ မီးမောင်းထိုးပြထားပြီး အချစ်ဇာတ်လမ်းတွေမှာ ပိုင်နိုင်ကျွမ်းကျင်တဲ့ Danielle Steel ရဲ့ တမူထူးခြားတဲ့ ဟန်နဲ့ ရေးထားတဲ့ စိတ္တဇ သည်းထိတ်ရင်ဖို ဝတ္ထုပါ။ ဇိုးမော်ဂန် အသက် ဆယ်နှစ်အရွယ်မှာ သူ့ဘဝ အရာရာ ပြောင်းလဲသွားတယ်။ သူ့ညီမလေး ရိုစ်ကို ရှားပါးရောဂါကြောင့် ဆုံးရှုံးခဲ့ရပြီး မိဘတွေဟာလဲ သူ့အတွက် သူစိမ်းပြင်ပြင် ဖြစ်သွားလေရဲ့။ ဇိုးရဲ့ အထီးကျန်ငယ်ဘဝဟာ ကျောင်းစာမှာပဲ နှစ်မြှုပ်ထားရင်း ကုန်လွန်ခဲ့ရတယ်။ ယေးတက္ကသိုလ်မှ ဘွဲ့ရတစ်ယောက် ဖြစ်လာတဲ့ ဇိုးက ဆေးကျောင်း ဆက်မတက်တော့ဘဲ ညည်းပန်းအနှိပ်စက်ခံ ကလေးငယ်များအတွက် ဖွင့်ထားတဲ့

နယူးယောက်ရှိ ဂေဟာမှာ အလုပ်လုပ်တယ်။ အဲဒီမှာပဲ ကလေးသူငယ်ဆိုင်ရာရှေ့နေနဲ့ ဆုံဆည်းပြီး သူက ဇိုးဘဝရဲ့ ချစ်ရသူ၊ လက်ထပ်ရမဲ့သူ ဖြစ်လာလေရဲ့။ သူတို့ ဇနီးမောင်နှံရဲ့ဘဝဟာ ပြီးပြည့်စုံနေပြီး သမီးလေး မွေးလာတော့ ပိုလို့တောင် သာယာပျော်ရွှင်တဲ့ မိသားစုလေး ဖြစ်လာတယ်။ ဒါပေမဲ့ ဇိုးရဲ့ငယ်ဘဝမှာ ညီမလေး ကွယ်လွန်ခဲ့လို့ ဖြစ်လာတဲ့ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုတွေဟာ ဘယ်သူမှ စိတ်မကူးရဲတဲ့ အခြေအနေတွေနဲ့ သူတို့မိသားစုဘဝလေးကို ဖျက်ဆီးလိုက်တယ်။ ဇိုးကိုယ်တိုင် သူ့သမီးလေးအပေါ် စွဲလမ်းစိတ်က သူတို့မိသားစုကို ပြိုကွဲစေမှာလား။

---

ချစ်သူရုပ်ပုံ ငါ့ရင်ခုန်သံ (တစ်ညလုံး မအိပ်ခဲ့ရတဲ့ ညကြီးရဲ့ကောင်မလေး)/မောင်ချောနွယ်
Myanmar : ဦးစန်းဦး 2023

56p.
null
USD : 6.00 / PB
55 gm.

https://www.marymartin.com/web?pid=857576

---

ဒွယ်ဇာဝတီ ပုရပိုက်ကျိန်စာ (ရာဇဝင်နောက်ခံသမိုင်း ခံစားမှု ရသလုံးချင်းဝတ္ထု)/လေးကျွန်းမင်းခေါင်
Myanmar : ဦးဇော်အောင်ချို 2023

176p. ; 14x21cm.
null
USD : 6.61 / PB
172 gm.

https://www.marymartin.com/web?pid=857577

လောကီပညာရပ်များ၊ ဂန္ဓာရီဝိဇ္ဇာပညာလမ်းများမှသည် အာနာပါန၊ သမထကျင့်စဉ် ထိ ပါဝင်နေသော လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၈၀၀) ကျော်ခန့်က သုဝဏ္ဏဘူမိ သထုံပြည့်ရှင် မနုဟာမင်းကြီး၏ သမီးတော် ဒွယ်ဇာဝတီမင်းသမီး ကိုယ်တိုင် ရေးထိုးစီရင်ခဲ့သော ပုရပိုက်အကြောင်း နောက်ခံပြု ရေးသားထားသည်။

---

ရေကြည်တစ်ပေါက်/ကာတွန်းကြည်ဝင်း
Myanmar : ဦးဇော်မိုးချစ် 2023

301p.
null
USD : 7.21 / PB
305 gm.

https://www.marymartin.com/web?pid=857578

---

မြို့ရောက်တောသား ဇရာအို၏ ဘဝလည်ပြန်နှင့် တွေးမိရာရာ/မောင်ခင်မင် (ဓနုဖြူ)

Myanmar : ဒေါ်ခင်အေးမြင့် 2023

266p.
9781995005188
USD : 9.61 / PB
250 gm.

https://www.marymartin.com/web?pid=857579

---

သူလိုအမေ သူလိုသမီး (ပြန်ပေးဆွဲခံရသည့် သမီးငယ်ကို သွားကယ်သည့် မိခင်တစ်ယောက်၏ ကြောက်မက်ဖွယ်ရာ ခရီးကြမ်း)/ကိုအောင် (မြောက်ဦး)

Myanmar : ဦးမြင့်ထွန်း 2023

412p.
9789998650497
USD : 14.41 / PB
460 gm.

https://www.marymartin.com/web?pid=857580

ဆီရီးယားနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး ပြည်တွင်းစစ်တစ်ခု ဖြစ်ပွားနေသည့် ကာလတွင် လူးဝစ္စမိုနာဂန်သည် ဆိုးပရက်စ်နိုင်ငံရှိ သူ့နေအိမ်မှ ဖခင်ဖြစ်သူ (ခင်ပွန်းဟောင်း) ၏ စာနာစိတ်ကင်းမဲ့စွာ အလစ်သုတ်ခေါ်ဆောင်ခြင်း ခံခဲ့ရသော အသက်(၆) နှစ်အရွယ် သူ့သမီးငယ်ကို ကယ်ရန်အတွက် လုံခြုံရေးအပြည့်ချထားသည့် နယ်စပ်တစ်ခုကို ဖြတ်ကျော်ခဲ့သည်။ ရှေ့တွင် ဘာအန္တရာယ်တွေရှိနေမှန်း မသိဘဲ ထိုအိုင်းရစ်အမျိုးသမီးသည် ပြန်ပေးဆွဲခံခဲ့ရသည့် သူ့သမီးငယ်နှင့် ပြန်တွေ့နိုင်ရေးအတွက် သူ့ခင်ပွန်းဟောင်းကို သူ ချစ်နေသေးကြောင်းနှင့် မိသားစုတစ်စုလိုအတူပြန်နေခြင်ကြောင်း တစ်ဖက်လူယုံကြည်လာအောင် ပရိယာယ်မာယာသုံးခဲ့သည်။ သူ့ခင်ပွန်းဟောင်း၏ဇာတိမြေသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် လူးဝစ္စသည်လည်း ချုံးချုံးကျနေသော အိမ်တစ်အိမ်ထဲတွင် သော့ခတ်လှောင်ပိတ် ထိန်းသိမ်းခံခဲ့ရသည်။ စားရသည့် အစာအဟာရကလည်း မစို့မပို့ လွတ်မြောက်ရန်လည်း မျှော်လင့်ချက်မရှိ။ သောက်ရသည့်ရေက မသန့်မရှင်း၊ ခင်ပွန်းဟောင်းကလည်း မသေရုံတမယ် လူမဆန်စွာ ရိုက်နှက်၊ သူ့ကို လာကယ်ရန် ပိုက်ဆံပေးထားသည့် တူရကီမှောင်ခိုသမားများကလည်း တိမ်းရှောင်ထွက်ပြေးသွားကြသည့် အဆုံးတွင် မထူးဇာတ်ခင်းခဲ့ရရာ သမီးငယ်နှင့်အတူ အရဲစွန့်ထွက်ပြေးလာခဲ့သည်။ သူတို့သားအမိသည် ဗုံးခွဲတိုက်ခိုက်မှုများ လက်ဖြောင့်သေနတ်သမားများ၏ ပစ်ခတ်မှုများကြားမှ ထွက်ပြေးပြီး ပိန်းပိတ်မှောင်နေသည့် ညအမှောင်ထဲတွင် ဆီးရီးယားစစ်သားများ မပြတ်ကင်းလှည့်နေသည့် တောင်တန်းကြီးတစ်ခုကို သက်စွန့်ဆံဖျား ကျော်ဖြတ်ခဲ့ကြသည်။ သူတို့သားအမိ ဖြတ်သန်းခဲ့ရသည့် ခရီးကြမ်းသည်ကား ကျောချမ်းစရာကောင်းလှသည်။ သို့သော် အံ့အားသင့်စရာကောင်းလောက်အောင် နှစ်ယောက်စလုံးဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည်။ Stolen သည် လူးဝစ္စ၏ ရင်ဖိုစိတ်လှုပ်ရှားစရာကောင်းသည့် တကယ့်အဖြစ်အပျက် ဖြစ်သည်။

---

လှည့်ဖြားတတ်သော မိုးတိမ်များရဲ့အကြောင်း/အညို

Myanmar : ဒေါ်စန္ဒမာလာ 2023

144p.
9789997197894

USD : 8.40 / HB
250 gm.

https://www.marymartin.com/web?pid=857581

---

အင်းစတင့်/မေမြတ်လင်း (တိုင်ပင်ဖော်)

Myanmar : မေမြတ်လင်း (တိုင်ပင်ဖော်) 2023

160p.
9789997146830
USD : 6.00 / PB
165 gm.

https://www.marymartin.com/web?pid=857582

ဒီစာအုပ်ဟာ အင်းစတင့် (instinct) ဆိုတဲ့ ဗီဇဆိုးများရှိတဲ့ ကလေးတစ်ယောက်ကို ဘယ်လိုပဲပြုပြင် ပြောင်းလဲပေးပြီး ကောင်းမွန်တဲ့ပတ်ဝန်းကျင်မှာ ရောက်ရှိနေစေကာမူ သူ့အတွက် အခွင့်အရေးပေးတာနဲ့ အချိန်မရွေး ဖောက်ပြန်တတ်တဲ့သဘောရှိတတ်တဲ့အကြောင်းနဲ့ ဘယ်လိုပဲသဘောထားကြီးပြီး အနစ်နာခံစိတ်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်ပါစေ အဲဒီပုဂ္ဂိုလ်ရဲ့အနစ်နာခံစိတ်ဟာလည်း အတိုင်းအတာတစ်ခုအထိသာဖြစ်ကြောင်း အစရှိတဲ့ လူ့သဘောသဘာဝကို သရုပ်ဖော်ပြသပေးတဲ့ ဖြစ်ရပ်မှန်ဝတ္ထု ဖြစ်ပါတယ်။

---

သဟာယ ဆရာတင်/နန်းညွန့်ဆွေ

Myanmar : စာပေဗိမာန် 2023

94p.
9789997171917
USD : 2.41 / PB
130 gm.

https://www.marymartin.com/web?pid=857583

---

လက်ရွေးစင် မြန်မာသဒ္ဒါ (အတွဲ ၁)/ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ (လှည်းကူး)

Myanmar : ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ (လှည်းကူး) 2023

1v.; 19x25cm.
null
USD : 10.80 / PB
816 gm.

https://www.marymartin.com/web?pid=857584

သန္ဓေပိုင်းနှင့် နာမ်ပိုင်းတို့ကို ပုဒ်စပ် ပုဒ်ဖြတ် ရုပ်တွက်များ စုံစုံလင်လင်ဖြင့် ရှင်းလင်း ရေးသားထားသော စာအုပ်ဖြစ်သည်။

---

ဖဲသမား/ဆန်းလွင် (ရှင်အာဒိစ္စရုံသီ)
Myanmar : ဦးနေဝင်း 2023

207p.
null
USD : 8.40 / PB
180 gm.

https://www.marymartin.com/web?pid=857585

ကမ္ဘာကျော် ရုရှ စာရေးဆရာကြီး Fyodor Dostoyevsky ကို မော်စကိုမြို့တွင် ၁၈၂၁ ခုနှစ်က မွေးဖွားခဲ့သည်။ သူ၏ ပထမဆုံး စာအုပ်မှာ Poor Folk ဖြစ်ပြီး နောက်ပိုင်းတွင် ပြစ်မှုနှင့် ပြစ်ဒဏ် ( Crime and Punishment)၊ မိစ္ဆာ (Demons)၊ ကာရာမာဇော့ဗ် ညီအကိုများ ( The Brothers Karamazov) စသည် စာအုပ်များဖြင့် ရုရှား နိုင်ငံတွင်မကဘဲ ကမ္ဘာကပင် လေးစား အသိအမှတ် ပြုခဲ့ရသည်။ သူ့ဘဝတွင် လောင်းကစားကို ခုံမင်မှုကြောင့် မကြာခဏ ငွေကြေး အကျပ်အတည်း ကြုံရတတ်သည်။ ယခု ဝတ္ထုကိုလည်း သူသည် အလောင်းအစား သဘောမျိုး ဘယ်နေ့ ဘယ်ရက်တွင် အပြီး ရေးသားပါမည်ဟုကတိ ခံဝန်ချက်ဖြင့် ထုတ်ဝေသူနှင့် စာချုပ် ချုပ်ဆို ရေးသားခဲ့ခြင်း ဖြစ်သည်။ ဝတ္ထု ဇာတ်လမ်းမှာ ထူးထူးထွေထွေ မရှိလှပါ။ ရုရှား မိသားစု တစု၏ ကလေးငယ်များကို စာသင်ကြားပေးနေသော ကျောင်းဆရာ အလက်ဇီ အိုင်ဗန်နိုဗစ်၏ ဇာတ်လမ်း ဖြစ်သည်။ သူတို့ ရောက်ရှိနေသော နေရာမှာ ရိုဒင်ဘာလ့်မြို့ဟိုတယ် တခုတွင် ဖြစ်သည်။ ကစားဝိုင်းများ ပြည့်နှက်နေသော နေရာတွင် လာရောက် တည်းခိုကြသူများမှာ လူအမျိုးမျိုး အကြောင်းအရာ အမျိုးမျိုး ဖြစ်သည်။ သဲသဲမဲမဲ လောင်းကစားကြသူများ၊ ဘဝ တခုလုံး ပုံ၍ လောင်းကစားကြသူများ၊ လူငယ် လူရွယ်မှ စ၍ သက်ကြီးရွယ်အို အထိ မကစားရ မနေနိုင်သူများ အကြောင်း စာရေးသူ၏ ထုံးစံ အတိုင်း ထူးထူးခြားခြား ရေးသားထားသည့် ဝတ္ထုဖြစ်ပါသည်။

---

မဟာသမ္မတ/ပါရဂူ
Myanmar : ဦးစန်းဦး 2023

194p. ; 14x21cm.
9789997132161
USD : 5.40 / PB
188 gm.

https://www.marymartin.com/web?pid=857586

ဆရာပါရဂူရေးသားသည့် စာပေရေးရာဆောင်းပါး (၉) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ရှေးခေတ်ပုဂံကဗျာများနှင့် အခြားကဗျာများ/ဇော်ဂျီ
Myanmar : ဦးစန်းဦး 2023

178p.
9789997132239
USD : 7.21 / PB
185 gm.

https://www.marymartin.com/web?pid=857587

အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ ကဗျာများထဲမှ ရွေးခေတ် ပုဂံနဲ့ ပတ်သက်သော ကဗျာများနှင့် အခြားကဗျာ စုစုပေါင်း အပုဒ် ၅၀ စုစည်းထားသော စာအုပ်ကို တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များကို မြတ်နိုး၍ တန်ဖိုးထားသော ဆရာဇော်ဂျီသည် ပုဂံခေတ် အနုပညာနှင့် ပတ်သက်သော ဆောင်းပါးများစွာ ရေးသားခဲ့သလို ပုဂံဇာတ်လမ်းများကို နောက်ခံပြု၍ ဇာတိသွေး ဇာတိမာန်နှင့် ပုဂံအပေါ် ချစ်မြတ်နိုးစေလိုသောစိတ်ဖြင့် ပုဂံကဗျာများစွာကို ရေးသားပြုစုခဲ့ပါသည်။ 'ညီသစ်ဆင်း' အစချီသော အဆိုပါပုဂံကဗျာစုသည် ဇော်ဂျီ၏ အခြားထင်ရှားသော လက်ရာတစ်ခုဖြစ်သည့် 'ဗေဒါလမ်း'ကဲ့သို့ပင် ယနေ့ထိ တန်ဖိုးထား လေ့လာဖတ်ရှုနေရဆဲ ဖြစ်ပေသည်။

---

ချစ်တဲ့ ည/မင်းဆွေ
Myanmar : ဦးစန်းဦး 2023

248p.
9789997132185
USD : 5.40 / PB
155 gm.

https://www.marymartin.com/web?pid=857588

မြန်မာစာပေနယ်တွင် ရသလက်ရာအတော်များများ ရေးသား ထင်ရှား နာမည်ကျော်ခဲ့ပြီးမှ စာပေလောကနှင့် လူ့လောကမှ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သူ ဆရာမင်းဆွေ၏ ၁၉၃၈ ခုနှစ်တွင် ရေးသားခဲ့သော အချစ်ဝတ္ထုတစ်ပုဒ် ကို အမှတ်တရ ပြန်လည်ထုတ်ဝေခြင်း ဖြစ်သည်။ အဆိုပါ ဝတ္ထုမှာ 'ချစ်တဲ့ည' အမည်ဖြင့် လူသိနည်းသော်လည်း ၁၉၅၉ ခုနှစ်၌ စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ သာခုက 'ကကြီးရေ က' အမည်ဖြင့် မင်းသမီးသစ် မြတ်မွန်ကို ပွဲထုတ်ကာ ရုပ်ရှင်ရိုက်ကူးရာမှ အကယ်ဒမီဆုပေါင်း များစွာ ရရှိအောင်မြင်ခဲ့သည့် မူရင်းဝတ္ထုပင် ဖြစ်ပါ သည်။

---

အကြည်ရှိတယ် (ဝတ္ထုတိုစုစည်းမှု)/ဆလိုင်းသန်းဇော်ဝင်း
Myanmar : ဦးနိုင်ဝင်းဇော် 2023

152p.
9697006061022
USD : 6.61 / PB
185 gm.

https://www.marymartin.com/web?pid=857589

ယခုစာအုပ်ထဲတွင် လူငယ်များ၊ ကျောင်းသားများအတွက် ပြုပြင်ရေးဝတ္ထုများ၊ တောဓလေ့တောစရိုက် တိရစ္ဆာန်များ အကြောင်း၊ မိဘမေတ္တာဖွဲ့ ဝတ္ထုတိုများ စသည့် (၅၈) မေတ္တာဝတ္ထုတိုများကို ဖတ်ရှုခံစားရမည် ဖြစ်ပါသည်။ မေတ္တာဟုသုံးနှုန်းရသော်လည်း မေတ္တာစစ်တွေချည်း တွေ့ရမည်တော့မဟုတ်။ မိဘက သားသမီးအပေါ် မေတ္တာနှင့်ရောယှက်ကာ အတ္တပါဝင်နေသည်မျိုးလည်း ရှိ၏။ မေတ္တအကြောင်းကို ဦးတည်ရေးကြသော်လည်း အတ္တအကြောင်းပါဝင်နေသည်ကို စာရေးသူတော်တော်များများ အမှုမဲ့ အမှတ်မဲ့ ရှိတတ်ကြ၏။ ကိလေသာအဖုံဖုံ

ရောယှက်နေသော လူ့သဘာဝစရိုက်များကို ရေးသားကြရာတွင် အတ္တသည် အနည်းနှင့်အများတော့ ပါဝင်နေမည်ဖြစ်၏။ မေတ္တာခေါင်းစဉ်တပ်ပြီး မေတ္တာမစစ်မှန်သဖြင့် အပြစ်မဆိုသာပါ။ ကိလေသာ သဘောကြောင့်သာ ဖြစ်၏။ သို့သော် အဆိပ်အတောက်မပါသောကြောင့် အရွယ်သုံးပါးလုံး ဖတ်ရှုရန် သင့်လျော်ကြောင်း အာမခံညွှန်းဆိုဝံ့ပါသည်။ သည်စာအုပ်နှင့် ပတ်သက်ပြီး ပြောစရာ တစ်ခုကျန်ပါသေး၏။ စာမူ(၁၅)ပုဒ်လုံးကို ရသအစုံဖြင့် သီကုံးထား၏။ စာဖတ်သူများ ဖတ်ရှုကြည့်သည့်အခါ စာမူများ အားလုံးသည် တစ်ပုဒ်နှင့်တစ်ပုဒ် မတူညီကြသော ရသများကိုယ်စီ ပေးစွမ်းနေပါလိမ့်မည်။ စာအုပ်၏ ထူးခြားချက်ကား တစ်အုပ်ထဲတွင် ရသ အစုံအလင် ခံစားရရှိနိုင်ခြင်းပင် ဖြစ်သည်။ (စာရေးသူအမှာစာမှ ကောက်နုတ်ဖော်ပြချက်)

---

မေတ္တာသံစဉ် (ဆုရဝတ္ထုတိုများနှင့် မဂ္ဂဇင်းဝတ္ထုတိုများ)/နော်လီကို (မကွေး)
Myanmar : ဦးနိုင်ဝင်းဇော် 2023

144p. ; 14x21cm.
9697006061039
USD : 6.61 / PB
154 gm.

https://www.marymartin.com/web?pid=857590

စာရေးသူ ရေးသားသည့် မိဘမေတ္တာဖွဲ့ ဝတ္ထုတိုများ၊ မိသားစုပုံရိပ်ဖွဲ့ ဝတ္ထုတိုများ၊ ပညာပေးဝတ္ထုတိုများ စုစုပေါင်းအားဖြင့် ဝတ္ထုတို (၂၁) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

စိတ်ပင်ပန်းခြင်းမှ ပျော်ရွှင်ခြင်းဆီသို့/သဟာဆွေလှိုင်း
Myanmar : ဦးနိုင်ဝင်းဇော် 2023

136p.
9697006061046
USD : 6.00 / PB
170 gm.

https://www.marymartin.com/web?pid=857591

"စိတ်ပင်ပန်းခြင်းမှ ပျော်ရွှင်ခြင်းဆီသို့" စာအုပ်လေးကို စာအပုဒ်ရေ (၆၇) ပုဒ်နဲ့ ဖန်တီးထားပါတယ်။ ဒီစာအုပ်လေးက အဆင်မပြေမှုတွေကို ကျော်ဖြတ်ဖို့နဲ့ ဘဝကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ဖို့ စိတ်ခွန်အားဖြစ်စေမယ့် Motivation စာအုပ်လေးပါ။ Motivation ဆိုပေမယ့် ပေါ့ပေါ့ပါးပါးလေးနဲ့ စိတ်ခွန်အားဖြစ်စေမယ့် အကြောင်းအရာလေးတွေကို နားလည်လွယ်အောင် ရေးဖွဲ့ထားပါတယ်။ • နေ့စဉ်ကြုံတွေ့ရတဲ့ အဖြစ်အပျက်တချို့ကို စကားလုံးတွေအဖြစ် ပြောင်းလဲထားပါတယ်။- မိသားစုအပေါ် တာဝန်ကျေချင်တဲ့သူတစ်ယောက် ဖြစ်ချင်ကြောင်း၊ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို သန်မာစွာနဲ့ကျော်ဖြတ်ပြီး ပျော်ရွှင်အောင်နေကြောင်း၊ ပင်ပန်းနေရင်လည်း အားတင်းထားသင့်ကြောင်း၊ ကိုယ့်အပေါ်ကျေးဇူးရှိတဲ့သူတွေအပေါ် ကျေးဇူးဆပ်ချင်တဲ့အကြောင်း၊ ဘယ်သူ့ကိုမှ မကောင်းဘူးမပြောဘဲ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်နေတဲ့အကြောင်းတွေ အပြင် လူတချို့ကြောင့် စိတ်တွေပင်ပန်းခဲ့ပြီး...စိတ်ပင်ပန်းခြင်းမှ ရုန်းထွက်နိုင်ဖို့၊ ဖြစ်တည်မှုအားလုံးကို ကျေနပ်ရောင့်ရဲတတ်ဖို့ – ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိဖို့ – ဘယ်သူ့ကိုမှအပြစ်မမြင်ဘဲ ဘဝကို အေးချမ်းစွာ၊ ပျော်ရွှင်ကျေနပ်စွာ ရှင်သန်ပြီး တန်ဖိုးရှိအောင်နေဖို့လည်း

ရေးသားထားပါတယ်။ • ဒီစာအုပ်လေးဖတ်ပြီးရင် စိတ်တွေ ပေါ့ပါးလန်းဆန်းပြီး စိတ်ခွန်အားတွေ ရပါလိမ့်မယ်။ပင်ပန်းတာတွေ ပျောက်ဖို့နဲ့ နေ့ရက်တိုင်း ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ဖို့အတွက် အထောက်အကူဖြစ်စေမယ့် စာအုပ်လေးဖြစ်တာမို့ ဖတ်ကြည့်ဖို့ အကြံပေးချင်ပါတယ်။

---

နေ့စဉ်လူနေမှုဘဝနှင့် ဖြစ်တည်မှုပဋိပက္ခ (အတွဲ ၁)/ဖြိုးဟိန်းကျော်

Myanmar : ဘဝပင်လယ် 2023

200p.
null
USD : 8.40 / PB
180 gm.

https://www.marymartin.com/web?pid=857592

---

တိုးတက်အောင်မြင်ဖို့လိုတာ တစ်ခုတည်းပါ/အလင်းရောင်

Myanmar : ဦးခင်မောင်ကြည် 2023

95p.
null
USD : 5.40 / PB
120 gm.

https://www.marymartin.com/web?pid=857593

---

ဘဝကို ဘယ်တော့မှ အရှုံးမပေးနဲ့/ကြည်မင်းခေါင်

Myanmar : ဦးခင်မောင်ကြည် 2023

96p.
null
USD : 5.40 / PB
125 gm.

https://www.marymartin.com/web?pid=857594

ဘဝမှာ ပူပန်စရာတွေ များပါတယ်။ မိသားစုအရေး၊ ပညာရေး၊ ငွေရေးကြေးရေး၊ အချစ်ရေး၊ စားဝတ်နေရေး၊ လူမှုရေးစတဲ့ ကိစ္စအထွေထွေနဲ့ တစ်နေ့တစ်နေ့ လုံးပန်းနေရတဲ့အခါ ဘဝဟာ တစ်ခါတစ်ရံမှာ လဲကျချင်လာတယ်၊ အားငယ်ချင်လာတယ်၊ စိတ်ညစ် စိတ်ဓာတ်ကျစိတ်တွေ ဖြစ်လာတတ်ပါတယ်။ ဒီလိုဖြစ်တတ် ပျက်တတ်တဲ့ လောကရဲ့ သဘော သဘာဝကို နားလည်သွားပြီဆိုတော့ နေ့ရက်တိုင်းကို ပျော်ပျော်ရွှင်ရွှင်လေးနဲ့ ဖြတ်သန်းလာနိုင်တော့မှာပါ။ ဒီစာအုပ်လေးဟာ အားလျော့ နွမ်းလျမှုတွေကို ဖေးမကူပေးပြီး ခွန်အားပေးမယ့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။

---

ပစိဖိတ်ကျွန်းဆွယ်ပေါ်က ကိုယ်တို့နေတဲ့မြို့ (The City We Live in On the Pacific Peninsula) (အင်္ဂလိပ် + မြန်မာ)/မောင်နိုင်ထူး

Myanmar : ဦးရဲဝင့်အောင် 2023
148p. ; 14x21cm.
null
USD : 6.00 / PB
144 gm.

https://www.marymartin.com/web?pid=857595

မြန်မာတို့ အရောက်အပေါက်နည်းသော ပါပူဝါနယူးဂီနီနိုင်ငံ၏ အခြေအနေ၊ ရေမြေ သဘာဝနှင့် ဒေသခံလူမျိုးများ၏ ဓလေ့စရိုက်ယဉ်ကျေးမှုကို ကဗျာပုံစံဖြင့် မိတ်ဖွဲ့ရေးသားထားခြင်း ဖြစ်သည်။ အင်္ဂလိပ် + မြန်မာ ၂ ဘာသာ ဖော်ပြပေးထားသည်။

---

ဟိုနား သည်နား အရောက်သွားနှင့် အခြားဝတ္ထုတိုများ/မောင်ဝဏ္ဏ
Myanmar : The Key 2023
102p. ; 14x21cm
null
USD : 4.81 / PB
118 gm.

https://www.marymartin.com/web?pid=857596

စာရေးသူ၏ ခရီးသွားနောက်ခံဝတ္ထုတို (၅) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ရုတ်တရက်အကြံရခြင်း စာသားများ (a flash of thought line streaming from thoughts) (အင်္ဂလိပ် + မြန်မာ)/နေမျိုး
Myanmar : The Key 2023
112p. ; 14x21cm.
null
USD : 6.00 / PB
114 gm.

https://www.marymartin.com/web?pid=857597

စာရေးသူ၏ ကဗျာတိုလက်ရာ (၅၀) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။ အင်္ဂလိပ် + မြန်မာ ၂ ဘာသာ ဖော်ပြပေးထားသည်။

---

တက္ကသိုလ်နန္ဒမိတ် ရေးသီဖွဲ့ခဲ့သမျှ မဂ္ဂဇင်းရွှေခေတ် ဝတ္ထု ကဗျာ စာ အလင်္ကာ (အတွဲ ၄)/တက္ကသိုလ်နန္ဒမိတ်
Myanmar : ဒေါ်စန်းစန်းဝေ 2023
504p. ; 20x27cm.
9781922202246
USD : 30.00 / PB
816 gm.

https://www.marymartin.com/web?pid=857598

ဖက်ဆစ်တော်လှန်ရေး ကာလတွင် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းများ၌ ပါဝင် ဆောင်ရွက်ခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်တွင် စာပေနယ်သို့ ဝင်ရောက်ကာ မဂ္ဂဇင်းများတွင် အယ်ဒီတာအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့သူ၊ စစ်အတွေ့အကြုံမှတ်တမ်းစာအုပ်များ၊ ဘာသာပြန်စာပေ များဖြင့် လူသိများခဲ့သူ တက္ကသိုလ်နန္ဒမိတ်၏ စာပေလက်ရာများကို တစ်စုတစ်စည်းတည်း ဖတ်ရှုကြ ရမည့် စာအုပ်ဖြစ်သည်။ PDF

---

၃၃/တင်ညွန့်
Myanmar : ဦးနေထွန်း 2023

397p.
9724200801984
USD : 12.00 / PB
410 gm.

https://www.marymartin.com/web?pid=857599

ဤဝတ္ထု၏ အဓိကဇာတ်ကောင်မှာ ကျော်မောင်ဖြစ်သည်။ ကျော်မောင်ဘဝသည် ထင်သလောက် မဖြောင့်ဖြူးခဲ့ပါ။ သရဖီနှင့်တွေ့ခဲ့ရပြီး သူ့စေတနာ သူ့လုပ်ရပ် တွေကြောင့် သူနေရာတစ်နေရာတွင် ကောင်းစွာ ရပ်တည်နိုင်ခဲ့သည်။ သူ့ဘဝသည် အားထုတ်ရမှုတွေ၊ ကြိုးစား ရမှုတွေ ရုန်းကန်ရမှုတွေ ပြည့်နေသည်။ မဖြစ်မနေ လုပ်တတ်သည့်စိတ်၊ ဇွဲ၊ စေတနာတို့ကြောင့်လည်း သူ့လုပ်ရပ်များသည် အောင်မြင်ခဲ့ရသည်ကများသည်။ လုပ်ငန်းတွင် အောင်မြင်သလောက် အချစ်ရေးတွင် ကျော်မောင် သိပ်ပြီး မအောင်မြင်။ ချစ်ရသော သရဖီနှင့် ကြည်နူးရချိန်တွေကနည်းပြီး ရုန်းကန်လှုပ်ရှားနေရချိန်တွေကများသည်။ နောက်ဆုံး သူ၏ ဇွတ်လုပ်တတ်သော စိတ်ကြောင့်ပင် ပြဿနာလေးတွေပေါ်သည်။ နောက်ဆုံး သရဖီနှင့် နားလည်မှုတွေ လွဲကြသည်။ ပညာရေးနိမ့်ကျသော အရပ်ဒေသက ၈ တန်းကျောင်းသား/ကျောင်းသူများကို တန်းလုံးကျွတ်အောင်မြင်အောင် ကြိုးစားပေးမည့် ကျော်မောင် နှင့် သဘာဝလွန်ဖြစ်ရပ်များနှင့် ကြုံတွေ့ရသော သရဖီတို့ရဲ့ ချစ်ဇာတ်လမ်းကို ဖတ်ရှုခံစားရမယ့် ရသဝတ္ထုစာအုပ်ကောင်းတစ်အုပ် ဖြစ်ပါတယ်။

---

အလွမ်းများ ငြိမ်းစေ/အာကာခေတ်ပိုင်
Myanmar : အိပ်မက်အသစ် 2023

222p.
null
USD : 7.81 / PB
230 gm.

https://www.marymartin.com/web?pid=857600

အမော… ယင်းအမောတွင် အလွမ်းဆင့်ကြည့်ပါ။ အလွမ်းကြောင့် မောရသည့် အမောသည် ပိုလို့ နွမ်းလျစေသည်။ ယာတောထန်းတောများတွင် ကြီးပြင်းရသော ဘဝသည် ကန္တကလျ ဆန်မည်မဟုတ်။ ရွာသူကလေးသည်လည်း ထန်းပင်ထန်းရည်၊ထန်းလျက်များကြားမှာ မနေနိုင်အား။ ထိုမျှမကဘဝဒဏ်နှင့် အလွမ်းမောများမှ ထပ်ဆင့် ဖိစီးထားသည့်အခါ မျက်နှာမွဲ ရွာသူကလေးသည် မည်သို့ ရှိလေမည်နည်း။ ထိုမိန်းကလေးကို ဇဟိုပြုလျက် ထန်းခလေ့၊တောခလေ့၊ လူမှုခလေ့များကို ရက်ဖောက်ရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ အလွမ်းများကို

ဘယ်အခါ ဘယ်ပုံဖြင့် ငြိမ်းစေသလဲ ဟူသည်ကို ဖတ်ရှုရပါမည်။ မြန်မာ့ရိုးရာလူမှုအစဉ်အလာ ရေစီးထဲတွင် မျောပါခဲ့ရသော ရင်ခုန်ဖွယ်၊လွမ်းမောဖွယ်၊ နာကြင်ဖွယ်၊ စိတ်ဝင်စားဖွယ်ရာ အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်သည်။

---

မြေပဲဆွတ်ချိန်မှာ ပွင့်တဲ့ ပြည်ပန်းညိုနဲ့ အခြားဝတ္ထုတိုများ/မောင်သင်းထုံ (ကျောက်မဲ)
Myanmar : ဦးသိန်းလွင် 2023

196p.
9720171894130
USD : 9.00 / PB
200 gm.

https://www.marymartin.com/web?pid=857601

---

လေးသည်တော်/ဖိုးနိုင်လင်း
Myanmar : ဦးစိန်ဝင်း 2023

111p.
9248480503883
USD : 4.81 / PB
100 gm.

https://www.marymartin.com/web?pid=857602

---

အဂ်လန်ဆရာတော် (မြောင်းမြမြို့) ပဌောတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ (ဘာသန္တရဆေ) အရှင်ဉာနိကထေရ်၏ ဘဝရုပ်ပုံလွှာမှတ်တမ်း/ကလောင်စုံ
Myanmar : ဒေါ်ယမုံဖူး 2023

330p. ; 14x21cm.
null
USD : 9.00 / PB
354 gm.

https://www.marymartin.com/web?pid=857603

အဂ်လန်နိုင်ငံ တိသရဏစင်တာ မြန်မာကျောင်းတိုင်းတွင် သီတင်းသုံးနေထိုင်လျက် ကြီးမားသော ဝီရိယ၊ သဒ္ဓါ၊ ပညာ၊ စေတနာ အာသာဆန္ဒ ထက်ထက်သန်သန်ဖြင့် ဥရောပတစ်ခွင် နိုင်ငံပေါင်းစုံသို့ ကြွချီ၍ ဗုဒ္ဓဓမ္မကို ဖြန့်ချိတော်မူခဲ့သော အဂ်လလန်ဆရာတော် အရှင်ဉာနိက ထေရ်၏ ဘဝပုံရိပ်နှင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ကလောင်စုံတို့က ဆောင်းပါးများခဲ့၍ ပုံ ဖော်ရေးသားထားခြင်း ဖြစ်သည်။

---

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပထမကျော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလမထေရ်၏ ပုံရိပ်ဖော်ညွှန်း ဘဝမော်ကွန်း/အရှင်ဉာနိကထေရ် (အဂ်လန်ဆရာတော်) (အဂ္ဂမဟာပဏ္ဍိတ (ဘာသန္တရဆေက))
Myanmar : အရှင်ဉာနိကထေရ် (အဂ်လန်ဆရာတော်) (အဂ္ဂမဟာပဏ္ဍိတ (ဘာသန္တရဆေက)) 2023
269p.

null
USD : 10.80 / PB
365 gm.

https://www.marymartin.com/web?pid=857604

---

ကော်ဖီဖတ်စာ (ကော်ဖီနှင့် ချစ်ခြင်းမေတ္တာဖွဲ့ ကဗျာများ)/သိန်းဇော် (Former Starbucks Manager)
Myanmar : ဦးလပြည့်ဝေး 2023
98p.
null
USD : 6.00 / PB
90 gm.

https://www.marymartin.com/web?pid=857605

---

ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာ (Faith & Love)/ကောင်းပြည့်ဖြိုး
Myanmar : ဒေါ်အိဝတ်ရည်ထွန်း 2023
211p.
9789998699434
USD : 8.40 / PB
225 gm.

https://www.marymartin.com/web?pid=857606

---

ဓားသွားပေါ်က အိပ်မက်များ/မောင်သာကျော် (ဖြစ်ရပ်မှန်)
Myanmar : လူပျိုကြီးစာပေ 2023
212p.
null
USD : 12.00 / PB
225 gm.

https://www.marymartin.com/web?pid=857607

---

တက်တိုး၏ အတွေးအမြင်/တက်တိုး
Myanmar : ဦးအေးဝင်း 2023
218p.
null
USD : 7.81 / PB

https://www.marymartin.com/web?pid=857608

---

ရှေ့နေကြီး ပယ်ရီမေဆင်နှင့် အမွေခံသမီးအမှု (မှုခင်း စုံထောက်နှင့် ဥပဒေပညာပေး)/မောင်ဝံသ

Myanmar : ဒေါ်မြင့်မြင့် 2023

288p.
null
USD : 6.00 / PB
220 gm.

https://www.marymartin.com/web?pid=857609

---

ကျောက်သမား၊ ကျောက်စိမ်းနှင့် ကျောက်လောက/ယဉ်အောင်ဟိန်း

Myanmar : စာပေဗိမာန် 2023

USD : 4.50 / PB

https://www.marymartin.com/web?pid=857610

---

ချစ်ခြင်းရဲ့ကြိုးဝိုင်း/မင်းသစ်လွင်

Myanmar : ဦးမျိုးသူရစိုး 2023

80p.
null
USD : 4.81 / PB
105 gm.

https://www.marymartin.com/web?pid=857611

---

မြစ်တစ်စင်း၏ ကမ်းနှစ်ဖက် (ရသစုံဝတ္ထုတိုများ)/ဝင်းမင်း (ဖန်ခါးမြေ)

Myanmar : ဦးမျိုးသူရစိုး 2023

126p.
null
USD : 6.00 / PB
160 gm.

https://www.marymartin.com/web?pid=857612

---

အိပ်မက်လွန် ကာလများ = The Big Picture/တင်မောင်မြင့် = Douglas Kennedy

Myanmar : ဦးသိန်းလွင် 2023

232p. ; 14x21cm.
9720171894239
USD : 9.00 / PB
214 gm.

https://www.marymartin.com/web?pid=857613

Douglas Kennedy ရေးသားသည့် The Big Picture စာအုပ်ကို ဘာသာပြန်ဆိုထား ခြင်း ဖြစ်သည်။ ဓာတ်ပုံဆရာဖြစ်လိုသော်လည်း ဝင်ငွေကောင်းသည့် ရှေ့နေအလုပ်ကို လုပ်ကိုင်နေ သူတစ်ဦး၊ အိမ်ထောင်ဖက်နှင့်

အဆင်မပြေသောအခါ စိတ်လိုက်မာန်ပါ လုပ်မိရာမှ မဖြစ်သင့်တာ တွေ ဖြစ်၊ ဖြစ်သင့်တာဆွေက ရေပွက်ပမာဖြစ်ခဲ့ရပုံကို ဇာတ်လမ်းတစ်ပုဒ်အနေဖြင့် ရေးသားထား ခြင်း ဖြစ်သည်။

---

ကမ္ဘာဖျက်စစ်ပွဲ ဇီ = World War Z : An Oral History of the Zombie War/အဲလ်ဗစ် = Max Brooks
Myanmar : ဦးမင်းထက်မာန် 2023

420p. ; 15x23cm.
4472672667083
USD : 20.41 / PB
468 gm.

https://www.marymartin.com/web?pid=857614

Max Brooks :: World War Z: An Oral History of the Zombie War စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ Zombie များနှင့် လူသားများကြားက သည်းထိတ် ရင်တုန်စရာ တိုက်ပွဲတွေအကြောင်းကို ရင်တမမ ဖတ်ရှုကြရမည့် ဇာတ်လမ်းဖြစ်သည်။

---

ဖြည်ရန်ကျန်သော ဆက်ထုံးများ (ဓါတ်ခွဲခန်းတစ်ခုမှ ကိုယ်တွေ့ဖြစ်ရပ်များ)/ဂျူနီယာမြင့်သိန်း
Myanmar : ပန်းဆက်လမ်း 2023

208p.
9794318012350
USD : 8.40 / PB
195 gm.

https://www.marymartin.com/web?pid=857615

??ဓာတ်ခွဲခန်းထဲမှာ နှစ်ပေါင်းများစွာ အမုန်းတရားတွေနဲ့ စောင့်ဆိုင်းနေသော အမျိုးသမီးတစ်ဦးအကြောင်း?? ▫ ဓာတ်ခွဲခန်းထဲမှာ နှစ်ပေါင်းများစွာ ငြီးငွေ့စက်စုပ်ဖွယ်အတိ၊နာကျည်းမှုများအပြည့် နှင့်အတူ ဖြူဖျော့ဖျော့ ပိန်ပါးပါး တင်းစေ့နေသောနှုတ်ခမ်းများ ရှိသည့် အစိမ်းဖျော့ ပါတိတ်ဝမ်းဆက် နှင့်သူမ ဘာကို စောင့်နေခဲ့သလဲ...။သူမရဲ့အာသီသ နဲ့ အမုန်းအာဃာတများ ဖြန့်ကျက်ရာ ထိုဓာတ်ခွဲခန်း ထဲသို့ ..ချောမောထက်မြက်သော ဆရာဝန်မ ငယ်ငယ်လေးတစ်ယောက် ရောက်လာသောအခါ...။ထိုဆရာဝန်မလေးက သူမကဲ့သို့ပင်..ပြတ်သားတိကျ ခိုင်မာသော ရည်ရွယ်ချက်များ ထပ်တူကျနေခဲ့ရာ..။ သူမ ဆွဲငင်ရာ...စက်ဝန်းအတွင်း ထိုဆရာမဝန်မလေး က တဖြည်းဖြည်းချင်းအလိုက်သင့် ရောက်ရှိလာခဲ့ရာ...။သူမ နဲ့ ဆရာဝန်မလေး နှစ်ယောက်သား ဓာတ်ခွဲခန်းထဲမှသည်...မည်သို့သော ဦးတည်ရာသို့ရှေ့ဆက် သွားကြဦးမလဲ...ဖြည်ရန်ကျန်ရှိနေသောဆက်ထုံးများ မည်မျှ ကျန်ရှိနေဦးမည်လဲ...? ▫ ပရလောကသားများလွတ်လပ်စွာ ကျက်စားတတ်သော နေရာဌာနများတွင် လူရှင်းသော လူခြေတိတ်သောဆေးရုံ ပရဝဏ် များနှင့် ဓာတ်ခွဲခန်း၊သိုလှောင်ခန်းကဲ့သို့သော နေရာများအပါအဝင်ဖြစ်သည်။ သို့သော်..ထိုနေရာများမှ ပရလောက အတွေ့အကြုံများသည် အခြားသော သုဿန် ၊ခြောက်လှန့်တတ်သောအိမ်ကြီးများနှင့် အဝေးပြေးလမ်းမများတွင် ကြုံခဲ့ရသော အဖြစ်ပျက်များလောက် ဟိုးလေးတကျော် မကြားရတတ်ချေ။ ထိုကြားရခဲသော ပရလောက သတင်းစကားနှင့်ကိုယ်တွေ့အဖြစ်ပျက်များကို စာရေးသူ ဂျူလီယာ မြင့်သိန်း ( ရှေ့ဖြစ်ဟောသူ) မှ တစ်ဆင့်...စိတ်ဝင်စားဖွယ် ဆင်ခြင် တွေးတောစရာဝတ္ထုတစ်ပုဒ်အဖြစ် ဖတ်ရှုရမည်ဖြစ်သည်။ ▫ ဝတ္ထုထဲတွင်

ပရလောကသားများနှင့်ပတ်သက်၍ခြောက်ခြားတုန်လှုပ်ဖွယ်ဇာတ်လမ်း၊ ဇာတ်ကွက်များကို အသားပေးလွန်းခြင်းမရှိပဲ ထိုပရလောကသို့မရောက်မီ လူတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာဇောများ..တစ်စ တစ်စ ပြောင်းလဲလာပုံ...ဇောစိတ်များ က ကံတရားနှင့်ပါတ်ဝန်းကျင်ကို တဖြည်းဖြည်းဖော်ဆောင်လာပုံ...ဘဝတစ်ခု အဆုံးသတ်ခါနီး နောက်ဆုံးထွက်သက်တွင် ကြီးမားသောစိတ်ဇောက ပရလောက သို့ တွန်းပို့လာပုံ...တို့ကို အာရုံမလွတ်တမ်း မြင်ရမည်ဖြစ်သည်။ ??စာရေးသူမှာ ငယ်စဉ် သူမနေထိုင်ရာအိမ်မှစ၍ပရလောကအဆက်အသွယ်များကြုံခဲ့ရသော်လည်း နှစ်ကာလအပိုင်းခြားတော်တော်ကြာသည့်အထိ အဆက်ပြတ်နေခဲ့သည်။ ဟောပြောခြင်းများ ပြန်လည်လုပ်ကိုင်သည့် အသက်ပိုင်းခြားမှစ၍ ပရလောက အတွေ့ကြုံများ ပြန်လည်ရရှိလာခဲ့သည်။ အထုံဗီဇ အရ လူသားနှင့်ပရအကြားအခက်ခဲများကို ဖြေရှင်းသူတစ်ယောက်ဖြစ်လာခဲ့သည်။ စာရေးသူဂျူလီယာမြင့်သိန်း၏ ဖြည်ရန်ကျန်သောဆက်ထုံးများ စာအုပ်လေးကို စိတ်ပိုင်းဆိုင်ရာ နှင့်ပရလောက စပ်ဆက်မှုကို စိတ်ဝင်တစားလေ့လာလိုသူများ ဖတ်ရှုရန် သင့်လျော်လှသည်။

---

အဗ္ဗျတ္တတိုက်ပွဲ/နတ်သျှင် (ရွှေဂူ)
Myanmar : Yadanar May 2023
222p. ; 14x21cm.
null
USD : 10.80 / PB
238 gm.

https://www.marymartin.com/web?pid=857616

မတူညီတဲ့ လူမှုဝန်းကျင်၊ အဆင်မပြေတဲ့ ပေါင်းသင်းဆက်ဆံရေး၊ မအေးချမ်းနိုင်တဲ့ စိတ်၊ အဓိပ္ပာယ်မဲ့နေတဲ့ဘဝများကို မည်သို့ဖြတ်ကျော် ရပ်တည် ရှင်သန်ပုံနှင့် ပတ်သက်၍ ရေးသား ထားသော ဆောင်းပါးများ ပါရှိသည့် စာအုပ်ဖြစ်သည်။

---

ပျောက်ဆုံးအချစ် ကူးလွင့်ပင်လယ်/ထက်ဘုန်းရှိန်
Myanmar : ဦးပြည့်အာကာ 2023

160p.
9782023000496
USD : 7.81 / PB
175 gm.

https://www.marymartin.com/web?pid=857617

---

မောင်မနမ်းနဲ့ မေ့ပါးပြင်/လင်းအိမ်
Myanmar : ဦးကျော်လင်း 2023

264p.
null
USD : 8.40 / PB
280 gm.

https://www.marymartin.com/web?pid=857618

---

သုတ၊ ရသ အလှဝေဖြာ ကလေးကဗျာများ/ရဲဘော်မြသိန်း (ဟိုပုန်း)
Myanmar : စာပေဗိမာန် 2023

88p.
null
USD : 3.61 / PB
95 gm.

https://www.marymartin.com/web?pid=857619

---

နေကောင်းပါတယ်/ငွေလမင်း (မကွေး)
Myanmar : စာပေဗိမာန် 2023

134p.
null
USD : 3.00 / PB
175 gm.

https://www.marymartin.com/web?pid=857620

---

ဘဝရဲ့ လူသားရဲ့  လောကဓံရဲ့/အရှင်သီရိကဥ္စနာဘိဝံသ
Myanmar : ဦးဇော်ဝင်း 2023

230p.
null
USD : 5.40 / PB
220 gm.

https://www.marymartin.com/web?pid=857621

---

လိုတရ မတ်ခွက် (ကလေးဝတ္ထုတိုများ)/နန္ဒမန်းကြယ် (တွင်းငယ်)
Myanmar : ဦးနိုင်ဝင်းဇော် 2023

128p. ; 14x21cm.
9697006061084
USD : 5.40 / PB
154 gm.

https://www.marymartin.com/web?pid=857622

ကလေးများတွင် လိုချင်၊ လုပ်ချင်ဟူသော "ချင်" များသာ ရှိတတ်ရာ ၎င်းနောက်မှ ပေါ်ပေါက်လာသော ကောင်းခြင်း မကောင်းခြင်းများကို သင်ခန်းစာယူတတ်ကြစေရန် ရည်ရွယ် ရေးသားထားသည့် ဝတ္ထုတို (၂၀) ပုဒ် ပါရှိသည့် စာအုပ်ဖြစ်သည်။

---

ခွင့်လွှတ်ပေးလိုက်ပါ/မောင်ဘုန်း (သပြု)
Myanmar : ဦးနိုင်ဝင်းဇော် 2023

120p. ; 14x21cm.
9697006061060
USD : 5.40 / PB
150 gm.

https://www.marymartin.com/web?pid=857623

စာရေးသူ ရေးသားသည့် ဘဝနေနည်းနှင့် စိတ်ခွန်အားဖြည့် အတွေးအမြင်စာစုတိုများ စုစည်းမှု စာအုပ်ဖြစ်သည်။

---

လောကဓံနဲ့ တွေ့တဲ့အခါ ... (စိတ်ခွန်အားဖြည့် စာစုများ)/နှင်းအေးလူ
Myanmar : ဦးနိုင်ဝင်းဇော် 2023

USD : 6.00 / PB

https://www.marymartin.com/web?pid=857624

---

နေဝင်ချိန် နံနက်ခင်း လင်းတဲ့အိမ်ကလေးတွေ/သန်းမြင့်အောင်
Myanmar : ဦးစန်းဦး 2023

234p.
9789997132369
USD : 8.40 / PB
250 gm.

https://www.marymartin.com/web?pid=857625

---

နွမ်း/ရန်ကုန်ဘဆွေ
Myanmar : ဦးစန်းဦး 2023

175p.
9789997131249
USD : 6.00 / PB
170 gm.

https://www.marymartin.com/web?pid=857626

---

ကျွန်တော်နှင့် ကျွန်တော့်ညီ ဖိုးချစ်/မျိုးမင်းထိုက်
Myanmar : ဦးနေလင်း 2023

294p.
null
USD : 18.00 / PB

https://www.marymartin.com/web?pid=857627

---

အသောက/မောင်သာချို
Myanmar : ဦးစန်းဦး 2023
56p.
9789997132352
USD : 4.81 / PB
85 gm.

https://www.marymartin.com/web?pid=857628

---

ကိုဗစ်ဒိုင်ယာရီ (Yangon Stay at Home Diary Poems) (အင်္ဂလိပ် + မြန်မာ)/အောင်မိုး
Myanmar : ဦးအောင်မြတ်သူ 2023
120p.
null
USD : 5.40 / PB
268 gm.

https://www.marymartin.com/web?pid=857629

၂၀၂၀ COVID 19 ကာလအတွင်း စာရေးသူ ရေးစပ်သီကုံးခဲ့သည့် ကဗျာများကို အင်္ဂလိပ် + မြန်မာ ၂ ဘာသာ ဖော်ပြပေးထားသော စာအုပ်ဖြစ်သည်။

---

သုဓမ္မစာရီမင်းသမီး ဖြတ်ထုံး ၃ မူ/တောင်ဖီလာဆရာတော် , ကိုင်းစားမနုရာဇာ
Myanmar : ဦးသိမ်းမင်း 2023
272p.
null
USD : 4.81 / PB
200 gm.

https://www.marymartin.com/web?pid=857630

---

အပူသစ်နဲ့ ရယ်ကြပါသည် (ဝတ္ထုလတ်နှစ်ပုဒ်)/မောင်စိန်ဝင်း (ပုတီးကုန်း) , ဟိန်းဆက်သွင်
Myanmar : ဒေါ်သိမ့်သူစိုး 2023
141p.
null
USD : 4.81 / PB
175 gm.

https://www.marymartin.com/web?pid=857631

---

ညီမလေး (The Twin)/မကေ

Myanmar : ဒေါ်သိမ့်သူစိုး 2023

168p.
null
USD : 5.40 / PB
195 gm.

https://www.marymartin.com/web?pid=857632

---

ရှေးဟောင်းပို့မှုများ (အတွဲ ၂)/ရှင်မဟာသီလဝံသ , ရှင်တေဇောသာရ , နဝဒေးကြီး , ဒုတိယ မုံရွှေးဇေတဝန်ဆရာတော် ရှင်အရိယာဝံသအာဒိစ္စရံသီ
Myanmar : ဦးသိမ်းမင်း 2023

320p.
null
USD : 4.81 / PB
250 gm.

https://www.marymartin.com/web?pid=857633

---

နှုတ်ဆက်အနမ်းလေး ပေးခဲ့ပါ/မြတ်ငြိမ်း
Myanmar : ဦးဉာဏ်အောင် 2023

344p.
9782007002720
USD : 9.61 / PB
320 gm.

https://www.marymartin.com/web?pid=857634

---

သမီးကြီး ... နှင့် အခြားရသဝတ္ထုများ/သက်ထားခင် (THK)
Myanmar : ဦးအောင်မျိုးဇော် 2023

170p.
null
USD : 7.21 / PB
200 gm.

https://www.marymartin.com/web?pid=857635

သားက အားဆိုရင် သမီးက ထီးပေါ့ .. မိသားစုကို အေးမြမှု ၊ လုံခြုံမှုနွေးထွေးမှု ပေးနိုင်ပြီး မိသားစုတာဝန်ကို ပခုံးပြောင်းယူရဲတဲ့ သတ္တိနဲ့ သမီးတွေကို ထီးတစ်ချောင်းအဖြစ် ဂုဏ်ပြုချင်လို့ရေးခဲ့တဲ့ စာအုပ်ပါ။ ဝတ္ထုခေါင်းစဉ်အရ စာအုပ်က သမီးကြီး ..ဖြစ်နေပေမယ့် သမီးတိုင်းအတွက် သက်ဆိုင်ပါတယ် .. ဒီစာအုပ်ထဲမှာ " သမီးကြီးမို့ ထီးတစ်ချောင်းဖြစ်ချင်ပါသည် " အပါအဝင် ၊ မောင်နှမ ၊ မိသားစုချစ်ခြင်းမေတ္တာ ၊ပတ်ဝန်းကျင်မှာ မြင်ရ တွေ့ရတဲ့တချို့ အကြောင်းအရာတွေအကြောင်း ..စသဖြင့် အရင်ရေးနေကျပုံစံ မဟုတ်တဲ့ဝတ္ထု (၁၂) ပုဒ် ပါ ပါတယ် ။

---

မင်းကို ပြောပြချင်ပြီး ပြောပြလို့မရတဲ့ ကိစ္စတွေ (အင်္ဂလိပ် + မြန်မာ)/ဆစ်ခ်
Myanmar : ဒေါ်ဝေယမုံဖူး 2023

136p.
null
USD : 6.00 / PB
150 gm.

https://www.marymartin.com/web?pid=857636

---

ကဗျာအလှ စာအလှ/ချယ်ရီမြေ မောင်တင်ထွန်း
Myanmar : ဒေါ်ခင်ဆွေဦး 2023

180p.
null
USD : 7.81 / PB
215 gm.

https://www.marymartin.com/web?pid=857637

---

မြဧယင်ဆောင်တော်မှာ အငြိမ့်တော်ခံ ညံမစဲ (မဂ္ဂဇင်းဝတ္ထုတိုများ)/စိုးညွန့်ဝေ (လှိုင်ကော်)
Myanmar : ဦးသိန်းလွင် 2023

204p. ; 14x21cm.
9781111004385
USD : 13.80 / PB
188 gm.

https://www.marymartin.com/web?pid=857638

Description: စာရေးသူ ရေးသားသည့် ဝတ္ထုတို (၁၅) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။ ဝတ္ထုတို များသည် စာဖတ်သူကို အကောင်း, အဆိုး၊ အကျိုး အပြစ်တို့ကို ပိုင်းခြားသိမြင်စေပြီး ကောင်းမြတ် သော မနောနှင့် ကုသိုလ်စိတ် တည်ဆောက်နိုင်ရန် အနည်းနှင့် အများ ညွှန်ပြနိုင်မည်ဟု စာရေးဆရာမ ဂျူးက အမှာစာတွင် ညွှန်းဆိုထားသည်။

---

အတ္တလွန်ဒေသ/ဇင်သန့်
Myanmar : ဦးနေဝင်း 2023

571p.
null
USD : 18.00 / PB
510 gm.

https://www.marymartin.com/web?pid=857639

---